# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ဒီးမော့ဆိုမြို့နယ်


## လူထုဗဟိုပြုစီမံကိန်း
## National Community Driven Development Project ( NCDDP)




## ကျေးရွာဖွံ့ ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)
## Village Development Plan (VDP) ဒေါဘူးကူးကျေးရွာအုပ်စု၊
## စည်းလင်းကျေးရွာ

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | ၁ |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေ | ၃ | ၃ |
| ၄။ | ကျေးရွာမြေပုံ(တည်နေရာ) | ၄ | ၄ |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | ၅ |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၆ | ၈ |
| ၇။ | ကျေးရွာအတွင်းရှိ ဥစ္စာစနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၉ | ၉ |
| ၈။ | ကျေးရွာအတွင်းရှိ ဥစ္စာစနေကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ချက် | ၁၀ | ၁၀ |
| ၉။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၁၁ | ၁၁ |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ချက် | ၁၂ | ၁၂ |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း | ၁၃ | ၁၃ |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက် | ၁၄ | ၁၄ |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း | ၁၅ | ၁၅ |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ချက် | ၁၆ | ၁၆ |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း/ဓါတ်ပုံ | ၁၇ | ၁၈ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၉ | ၂၁ |
| ၁၇။ | ကျေးရွာအချက်အလက်ပုံစံ(၁) | ၂၂ | ၂၄ |
| ၁၈။ | စီမံကိန်းစက်ဝန်း အချိန်ဇယား(ပုံစံ-၂) | ၂၅ | ၂၆ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၇ | ၃၀ |
| ၂၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄) | ၃၁ | ၃၁ |
| ၂၁။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၃၂ | ၃၃ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၃၄ | ၃၅ |


DEMOSO TOWNSHIP MAP
စကေး ၁ လက်မ = ၂ မိုင်
ရည်ညွှန်းချက်
ဒီးမော့ဆိုမြို့
ကျေးရွာအုပ်စု
ကျေးရွာ
ကားလမ်း
မီးရထားလမ်း

# ဒေါ်ဘူးကူး ကျေးရွာအုပ်စုပြ မြေပုံ



## ဒေါဘူးကူးအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | |
| ၁။ | ဒေါဘူးကူး | ၅၅ | ၁၃၅ | ၁၄၉ | ၂၈၄ | |
| ၂။ | ဒေါဘူးခို | ၆၅ | ၁၆၀ | ၁၇၂ | ၃၃၂ | |
| ၃။ | ဒေါလျားလီ | ၄၂ | ၁၁၂ | ၁၀၇ | ၂၁၉ | |
| ၄။ | စည်းလင်း | ၄၉ | ၁၃၇ | ၁၃၃ | ၂၇၀ | |
| ၅။ | ဒေါပေါ်ကလဲ | ၂၇ | ၅၈ | ၇၀ | ၁၂၈ | |
| ၆။ | ဒေါသဲ | ၃၃ | ၈၆ | ၉၆ | ၁၈၂ | |
| ၇။ | ကြာဖူဒေါ | ၆၄ | ၁၆၀ | ၁၅၃ | ၃၁၃ | |
| ၈။ | ဒေါဝီတ | ၆၆ | ၁၅၇ | ၁၆၀ | ၃၁၇ | |
| | စုစုပေါင်း | ၄၀၁ | ၁၀၀၅ | ၁၀၄၀ | ၂၀၄၅ | |



# ဒေါဘူးကူးကျေးရွာအုပ်စု၊ စည်းလင်းကျေးရွာ

၁၄.၁၂.၂၀၁၆

**ကျေးရွာလူမှုရေးနှင့်သဘာဝအရင်းအမြစ်ပြမြေပုံကို သုံးသပ်ခြင်း။**

စည်းလင်းကျေးရွာသည် ဒီးမော့ဆို-မိုးဗြဲလမ်းမအရှေ့လက်ကပ်လျက် တည်ရှိပြီး ဒီးမော့ဆိုမြို့မှ (၆)မိုင်အကွာတွင် တည်ရှိပါသည်။ အိမ်ခြေ(၄၉)အိမ်ရှိ၍ လူဦးရေ(၂၇၀)ဦးနေထိုင်ပါသည်။ စည်းလင်းကျေးရွာ၏ ထူးခြားမှုမှာ လူမျိုးနွယ်စုများဖြစ်သော ကယန်း၊ ကယား၊ ကယော၊ ကရင် စသည့်တို့ စုစည်းနေထိုင်မှုရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်း လူမှုဝန်ဆောင်မှုများအဖြစ် မူကြိုကျောင်း၊ ဘုရားရှိခိုးကျောင်း၊ အားကစားကွင်း၊ စုးပေါင်းစပါးကျီ၊ ရေတွင်းတို့ဖြစ်၍ သဘာဝအရင်းအမြစ်များအဖြစ် မြေယာ၊ ဆည်မြောင်း၊ ကာကွယ်တောတို့ကို တွေ့ရပါသည်။

ကျေးရွာအစည်းအဝေးတွင် ကျေးရွာလူထုကိုယ်တိုင် မြေပုံရေးဆွဲပြီး ၎င်းတို့လိုအပ်ချက်များကို မြေပုံတွင် ထည့်သွင်းရာတွင် အဓိကအနေဖြင့် စာသင်ကျောင်း၊ ကျေးရွာတွင် ကျောက်ချောလမ်း၊ အဝီစိရေတွင်းတို့ကို ဖော်ထုတ်သတ်မှတ်ကြပါသည်။ စည်းလင်းကျေးရွာတွင် လူမှုအရင်းအမြစ်အဓိကကျသော စာသင်ကျောင်းလည်း မရှိသေးသည်ကိုတွေ့ရပါသည်။ ထို့ပြင် စည်းလင်းကျေးရွာတွင် သောက်သုံးရေလုံလောက်မှုမရှိသေးသည်ကိုလည်း လေ့လာသိရှိရပါသည်။

ဒေါဘူးကူးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် သဘာဝဆိုင်ရာအရင်းအမြစ်နည်းပါးကြသည်ကို တွေ့ရပါသည်။ သို့ဖြစ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုဆိုင်ရာအခြေခံ အဆောက်အဦများကို ပိုမိုအလေးထားအကောင်အထည်ဖော်ပေးရန် လိုအပ်နေကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၇) ဦး၊ မ (၂၆) ဦး**

# ဒေါဘူးကူးကျေးရွာအုပ်စု၊ စည်းလင်းကျေးရွာ

**စည်းလင်းကျေးရွာသမိုင်းအကျဉ်း**

စည်းလင်းကျေးရွာသည် ယခင်ကရွာဖြစ်မလာခင် ကွင်းပြင်ဖြစ်ပါသည်။ ရွာစပြီးတည်ထောင်သောသူသည် ဦးချားလ်လေဖြစ်သည်။ ၎င်း၏ရွာယောင်းမှာ ခူးပရာရွာဖြစ်ပါသည်။ စားဝတ်နေရေးအဆင်မပြေသောကြောင့် အိုကေကျေးရွာသို့လာပြီး ခေတ္တနေထိုင်ခဲ့သည်။ ထို့နောက် ဒေါဘူးခိုကျေးရွာကိုပြောင်းလာခဲ့ပြီး နှစ်အနည်းငယ်ကြာသောအခါ ဒေါကမီးရွာအရှေ့ဘက် မြေလွတ်၌ ရွာတည်ရန် အနီးအနားရှိ ကျေးရွာသူကြီးများထံ၌ ဆွေးနွေးခွင့်တောင်းခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် စည်းလင်းကျေးရွာကို တည်ထောင်ခဲ့ပါသည်။ ၎င်းနှင့်အတူ လာရောက်နေထိုင်ခဲ့သောသူများမှာ ဦးကျော်ခင်၊ ဦးဖရိုက်ဖါးတို့ဖြစ်ပါသည်။ ၎င်းတို့နေထိုင်ပြီးနောက် ရွာပေါင်းများစွာမှ လာရောက်နေထိုင်သောကြောင့် ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သော ဆရာတော်ဘချစ်က စည်းလင်းဟု အမည်တွင် ခေါ်ဝေါ်ခဲ့ပါသည်။ အဓိပ္ပါယ်မှာ စည်းစည်းရုံးရုံးနှင့်နေထိုင်ပြီး အလင်းဖြစ်ရန်အတွက် မျှော်လင့်ခြင်းအားဖြင့် အမည်ပေးထားပါသည်။ လာရောက်နေထိုင်သောသူများမှာ အချို့က လယ်ယာမြေကွက်များ ဝယ်ယူထားကြသော်လည်း အချို့မှာ အစိုးရမှ ခွဲဝေပေးထားခြင်း ဖြစ်ပါသည်။

၁၉၆၆ ခုနှစ်နှင့် ၁၉၇၈ ခုနှစ်အကြားတွင် နိုင်ငံတော်က ကျေးရွာအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ ၁၉၇၈ ခုနှစ် ကယားနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၏ နယ်အစည်းအဝေးကြီးကို နောင်ပုလဲကျေးရွာအုပ်စု၊ နောင်ပုလဲကျေးရွာတွင် ကျရောက်သောခုနှစ်၌ အသင်းတော်တစ်ပါးအဖြစ် ရပ်တည်ရန် တောင်းဆိုခဲ့ရာတွင် သာသနာနယ်မှလည်း အသင်းတော်တစ်ပါးအဖြစ်ရပ်တည်ရန် အတည်ပြုပေးခဲ့ပါသည်။

၁၉၇၆ ခုနှစ်တွင် ဘုရားဝတ်ပြုရှိခိုးရန် နေရာမရှိသောကြောင့် အသင်းသားများ စုစည်းပြီး ပထမဦးဆုံး ဘုရားကျောင်းကို တိုင်-သစ်၊ အကာ-ဝါးထရံဖြင့် မြေစိုက်တည်ဆောက်ခဲ့ပါသည်။ ၁၉၈ဝ ခုနှစ်တွင် လေဒဏ်ကြောင့် ဘုရားကျောင်းပျက်စီးပြိုလဲခဲ့ပြီး ၁၉၈၁ ခုနှစ်အတွင်း ဒုတိယဘုရားကျောင်းကို အပြီးအစီးပြန်လည်တည်ဆောက်ကာ ဝတ်ပြုခဲ့ကြပါသည်။

၁၉၈၆ ခုနှစ် ဇူလိုင်လတွင် တတိယဘုရားကျောင်းအုတ်မြစ်ချခြင်းအစီအစဉ်ကို သိက္ခာတော်ရဆရာတော်ကြီး ဦးဖါလယ်မှ အုတ်မြစ်ချပေးခဲ့ပါသည်။ လုပ်အားသည် ငွေအားထက်တန်ဖိုးပိုများပါသည်။ (၅)နှစ်စီမံကိန်းအပြီးတည်ဆောက်ရန်အတွက် စီမံကိန်းချထားပါသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့်ဘုရားကျောင်းကြီးကို ၁၉၉၆ ခုနှစ် မတ်လမှသာ အနုမောဒနာပြုလုပ်နိုင်ခဲ့ပါသည်။ ထိုအချိန်တွင်း လုပ်အားအပါအဝင် ငွေကျပ်(၁၅)သိန်းသာ ကုန်ကျခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် မိုးခေါင်ရေရှားသောကြောင့် စားဝတ်နေရေးကျပ်တည်းပြီး ရွာသူ/သားများသည် မိမိတို့၌ရှိသော ကျွဲ/နွားများကို ရောင်းချပြီးစားဝတ်နေရေးအခက်အခဲကို ဖြေရှင်းခဲ့ကြသော်လည်း ယနေ့အချိန်ထိ စားဝတ်နေရေးဘေးဒဏ်အခက်အခဲကို ခံစားနေရပါသည်။ ထို ၁၉၈၈ ခုနှစ်အတွင်းပင် အိမ်တစ်လုံးမီးလောင်ရာမှ အိမ်အားလုံးမီးလောင်ခြင်းကို ခံခဲ့ရပါသည်။

၁၉၉၈-၉၉ ခုနှစ်တွင် ကျေးရွာ၏ လက်ရှိသင်းအုပ်ဆရာကို အတည်ပြုဂုဏ်ပြုခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် နောက်ထပ်တဆင့် နယ်အစည်းအဝေးကြီးကို နောင်ပုလဲအုပ်စု၊ နောင်ပုလဲကျေးရွာတွင် အစည်းအဝေးကျင်းပသည့်အခါ သင်းအုပ်ဆရာဗင်ဆင်ကို သိက္ခာတော်ရဆရာတော်ဦးဗင်ဆင် အဖြစ်တင်မြှောက်ခဲ့ပါသည်။

၂၀၀၆ ခုနှစ်တွင် ရွာသူ/သားများ လယ်လုပ်ကာ စပါးဈေးနှုန်းကျသောကြောင့် ဆုံးရှုံးပြီး နောက်တစ်နှစ်လယ်လုပ်ရန် အရင်းအနှီးမရှိတော့သဖြင့် ငွေတိုးယူကာလုပ်ခဲ့ကြသည်မှာ ယနေ့ထိ တိုင်စားဝတ်နေရေးချို့တဲ့ခြင်းဒဏ်ကို ခံစားနေရဆဲဖြစ်ပါသည်။

ဤနောက်ခံသမိုင်းသည် အင်းစိန်ဓမ္မတက္ကသိုလ်တွင် မိတ္တူတစ်စောင်၊ ရွာတွင် တစ်စောင်ရှိပါသည်။ ဤသမိုင်းကို အကျဉ်းချုပ်ဖြင့်သာ ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၈) ဦး၊ မ (၂၅) ဦး**

**ကျေးရွာအခြေခံအချက်အလက်များ**

- ကျေးရွာသက်တမ်း - (၅၁) နှစ်၊ ၁၉၆၆ ခုနှစ်

**လူဦးရေ (ကျား/မ)နှင့် အိမ်ခြေ**

ကျား (၁၃၇) ဦး၊ မ (၁၃၃) ဦး၊ အိမ်ခြေ (၄၉) လုံး

**လူမျိုးစုများ၏ လူဦးရေ**

၁။ ကယန်း - ကျား (၇၆) ဦး၊ မ (၈၄) ဦး
၂။ ကယော - ကျား (၄၇) ဦး၊ မ (၃၅) ဦး
၃။ ကယား - ကျား (၉)ဦး၊ မ(၆)ဦး
၄။ ကရင် - ကျား (၅)ဦး၊ မ (၁) ဦး

**ထိခိုက်လွယ်သောအုပ်စုများ လူဦးရေ**

(က) သက်ကြီး - ကျား (၅)၊ မ (၆)
(ခ) မြေယာမဲ့ - မရှိ
(ဂ) မသန်စွမ်း - ကျား(၁)ဦး

**ကျေးရွာအတွင်း ရရှိနိုင်သော ဝန်ဆောင်မှုများ**

၁။ မူကြိုကျောင်း
၂။ ဘုရားရှိခိုးကျောင်း
၃။ အားကစားကွင်း
၄။ စုပေါင်းစပါးကျီ

**ရွာသူ/သားများ၏ အဓိကစီးပွားရေးလုပ်ငန်းများ**

(က) လယ်ယာစိုက်ပျိုးရေး
(ခ) မွေးမြူရေး

**အဓိကရနိုင်သော အရင်းအမြစ်များ**

၁။ မြေယာ
၂။ သစ်တော

**ကျေးရွာနှင့်ဆိုင်သော အခြားအရင်းအမြစ်များ**

၁။ မူကြိုကျောင်း
၂။ လမ်း

ရေဦးဝင်းကျေးရွာ

# ဥစ္စာဓန အဆင့် သတ်မှတ်ခြင်း

| အဆင့် | စံ သတ်မှတ်ချက်များ | အိမ်ထောင်စု | ရာခိုင်နှုန်း |
| --- | --- | --- | --- |
| ချမ်းသာ A က | [illegible] ဆိုင်ကယ်၊ [illegible] (၁၀) [illegible] (၁၀) [illegible] (TV) [illegible] | ၁ | ၂% |
| အလယ်အလတ် B ခ | လယ်၊ ယာ၊ (၂)ဧက ပိုင်ဆိုင်သောအိမ်၊ ဆိုင်ကယ်၊ TV၊ လယ်ထွန်စက်၊ ကလေး ကျောင်းထားနိုင် | ၁၅ | ၃၃% |
| ဆင်းရဲ C ဂ | ဓနိ၊ ထရံအိမ်၊ တစ်ပတ်ဆိုင်ကယ်၊ ဝက် မွေး၊ လယ်ယာမရှိ၊ ကလေး ကျောင်းအားပြန် အားမပေးနိုင်။ | ၃၀ | ၆၅ |
| | စုစုပေါင်း | | |

ပါဝင်ဆွေးနွေးသူဦးရေ

ကျား ( ၄ ) ဦး

မ ( ၂၆ ) ဦး

## ဒေါဘူးကူးကျေးရွာအုပ်စု၊ စည်းလင်းကျေးရွာ


၁၄.၁၂.၂၀၁၆

**ဥစ္စာဓနအဆင့်သတ်မှတ်ခြင်းအပေါ်သုံးသပ်ချက်**

စည်းလင်းကျေးရွာတွင် အိမ်ခြေ(၄၉)အိမ်ရှိ၍ လူဦးရေ(၂၇၀)ဦးရှိပါသည်။ ကျေးရွာလူထုက ၎င်းတို့ကျေးရွာရှိ လူမှုစီးပွားရေးဆိုင်ရာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်းကို A - ချမ်းသာ ၊ B-အလယ်အလတ်၊ C - ဆင်းရဲဟူ၍ ဖော်ထုတ်ထားပါသည်။ A အဆင့်စံသတ်မှတ်ချက်များမှာ (၂)ထပ်တိုက်ဖြင့်နေထိုင်ပြီး ကား၊ ဆိုင်ကယ်၊ လယ်တွန်းထွန်စက်၊ လယ်ခြံ(၁၀)ဧကပိုင်ဆိုင်ခြင်း၊ သားသမီးများကို ကျောင်းအပြည့်အဝထားနိုင်သော အိမ်ထောင်စုများဖြစ်သည်။ B အဆင့်စံသတ်မှတ်ချက်များမှာ ပျဉ်ထောင်အိမ်တွင် နေထိုင်၍ လယ်ထွန်စက်၊ ဆိုင်ကယ်၊ TV၊ လယ်ယာခြံ(၂)ဧက ပိုင်ဆိုင်ပြီး သားသမီးများကို ကျောင်းထားနိုင်သော အခြေအနေရှိအိမ်ထောင်များဖြစ်သည်။ C အဆင့်စံသတ်မှတ်ချက်များမှာ ဝါးထရံအိမ်၌နေထိုင်ပြီး ဆိုင်ကယ်သာရှိ၍ မွေးမြူရေးသာလုပ်ကိုင်ပြီး လယ်မရှိသော၊ သားသမီးကျောင်းအပြည့်အဝမထားပေးနိုင်သော အိမ်ထောင်စုများကို သတ်မှတ်ကြပါသည်။

A အဆင့်၌ အိမ်ထောင်စု(၁)စုသာ ရှိ၍ ရာခိုင်နှုန်းအားဖြင့် ၂%၊ B အဆင့်၌ (၁၅)အိမ်၊ ရာခိုင်နှုန်းအားဖြင့် ၃၃% ၊ C အဆင့်၌ (၃၀)အိမ် ရာခိုင်နှုန်းအားဖြင့် ၆၅% အသီးသီးရှိကြသည်။ သို့ဖြစ်၍ စည်းလင်းကျေးရွာ၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှုအားနည်းသေးသည်ဟု သုံးသပ်ရရှိပါသည်။ ကျေးရွာပြင်ပ၌ သဘာဝအရင်းအမြစ်နည်းပါးခြင်း၊ ကျေးရွာအတွင်း၌ လူမှုဝန်ဆောင်မှုအားနည်းနေသေးသဖြင့်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို နှောက်နှေးစေသည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၇) ဦး၊ မ (၂၆) ဦး**


၁၄.၀၂.၂၀၀၆
ပင့်ကူအိမ်သုံးသပ်ခြင်း
ပညာရေး
အညွှန်း
ကျား
မ
ပါဝင်ဆွေးနွေးသူဦးရေ
ကျား (၇) ဦး
မ (၂၄) ဦး

## ဒေါဘူးကူးကျေးရွာအုပ်စု၊ စည်းလင်းကျေးရွာ

၁၄.၁၂.၂၀၁၆


**ကျား-မ ရေးရာကဏ္ဍအပေါ်သုံးသပ်ချက်။**

ပထမအကြိမ်ကျေးရွာအစည်းသို့ တက်ရောက်လာသော စည်းလင်းကျေးရွာလူထုမှ အမျိုးသမီးအုပ်စုမှ ကျား-မဆိုင်ရာပင့်ကူအိမ်သုံးသပ်ချက်ကို စတင်ဖော်ထုတ်ရာတွင် အဓိကအကြောင်းအရာများအဖြစ် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ အမွေရပိုင်ခွင့်၊ ဦးဆောင်မှု၊ ပညာရေး၊ အစည်းအဝေးတက်ရောက်ခြင်း၊ အိမ်မှုကိစ္စလုံခြုံမှုစသည်တို့ကို ဖော်ထုတ်သတ်မှတ်ကြပါသည်။

ဆုံးဖြတ်ချက်ချမှတ်မှုတွင် အမျိုးသမီးအဆင့်(၈)ဖြစ်ပြီး အမျိုးသားက အဆင့်(၉)နေရာသတ်မှတ်သည်။ အလုပ်အကိုင်၌ အမျိုးသမီးအဆင့်(၅)၊ အမျိုးသားက အဆင့်(၁၀)ရှိ၍ ထက်ဝက်ကွာဟနေသည်ကို တွေ့ရသည်။ အမွေရပိုင်ခွင့်တွင် အမျိုးသမီးအဆင့်(၃)သာရှိ၍ အမျိုးသားက အဆင့်(၁၀)ရှိသဖြင့် အမျိုးသမီးရပိုင်ခွင့်အလွန်နည်းပါးလှသည်ကိုတွေ့ရသည်။ ဦးဆောင်မှုတွင် အမျိုးသမီး(၅)၊ အမျိုးသား(၆) ရှိ၍ ပညာရေး၌ တန်းတူရှိသည်ကိုတွေ့ရသည်။ အစည်းအဝေးတက်ရောက်မှုတွင် အမျိုးသမီးက(၁၀)အပြည့်အဝရှိ၍ အမျိုးသားက (၅)၌သာရှိသည်။ ပထမအကြိမ် ၊ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးများတွင် အမျိုးသားဦးရေအလွန်နည်းသည်ကို တွေ့ရသည်။ အိမ်မှုကိစ္စများတွင် အမျိုးသမီးက (၁၀)နေရာရှိ၍ အမျိုးသားက အဆင့် (၅)နေရာသာရှိသည်။ လုံခြုံမှုတွင် အမျိုးသားက အပြည့်အဝ (၁၀)တွင်ရှိ၍ အမျိုးသမီးအဆင့်(၆)တွင် ရှိသည်ဟု ဖော်ထုတ်ကြပါသည်။

စည်းလင်းကျေးရွာ၏ ကျား-မကဏ္ဍကို လေ့လာသုံးသပ်ရာတွင် အချို့၌ ကျား-မဆိုင်ရာ ကွာဟချက်များပြားနေသေးသည်ကို တွေ့ရသည်။ ကျား-မတန်းတူမှုရှိလာရေးအတွက် လူထုဗဟိုပြုစီမံကိန်းမှ အကောင်းအထည်ဖော်လျက်ရှိရာ ကွာဟချက်လျော့နည်းရေးအတွက် ဆက်လက်ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၇) ဦး၊ မ (၂၆) ဦး**



ဇသိုင်းလင်းကျေးရွာ
၁၄.၀၂.၂၀၁၆
ကျေးရွာလူထုနှင့်အဖွဲ့အစည်းချိတ်ဆက်ပုံ
KBA
Sunday School
ကျေးရွာ
လူထု
ပါဝင်ဆွေးနွေးသူဦးရေ
ကျား - (၇) ဦး
မ - (၂၆) ဦး

## ဒေါဘူးကူးကျေးရွာအုပ်စု၊ စည်းလင်းကျေးရွာ


၁၄.၁၂.၂၀၁၆

**ကျေးရွာလူထုနှင့်အဖွဲ့အစည်း ချိတ်ဆက်မှုကို သုံးသပ်ခြင်း။**

စည်းလင်းကျေးရွာသူ/သားများ၏ ဖော်ထုတ်ချက်အရ စည်းလင်းကျေးရွာတွင် အုပ်ချုပ်ရေးမှူး၊ အသင်းတော်၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လူထုဗဟိုပြုစီမံကိန်းကော်မတီနှင့် လူငယ်အဖွဲ့တို့သည် ကျေးရွာ၌ သြဇာသက်ရောက်မှုကြီး၍ ကျေးရွာမှ အားထားရသော အဖွဲ့အစည်းများအဖြစ် ဖော်ထုတ်သတ်မှတ်ကြပါသည်။ မူကြိုကော်မတီ၊ စပါးဘဏ်ကော်မတီ၊ အမျိုးသမီးအဖွဲ့နှင့် Sunday School တို့သည်လည်း ကျေးရွာတွင်းအဖွဲ့အစည်းများဖြစ်၍ အထိုက်အလျောက်သြဇာသက်ရောက်မှုရှိကြသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းအနေဖြင့် KBA(ကရင်နှစ်ခြင်းအသင်းတော်)သည်လည်း သြဇာသက်ရောက်မှုကြီး၍ ကျေးရွာမှ အားထားရသောအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကျန်းမာရေးအဖွဲ့သည်လည်း ပြင်ပအဖွဲ့အစည်းအနေဖြင့် အထိုက်အလျောက်အားထားရသည်ဟု ဖော်ပြထားပါသည်။

စည်းလင်းကျေးရွာတွင် ကျေးရွာတွင်းလူမှုဝန်ဆောင်မှုနည်းပါးနေသေးသဖြင့် ဌာနဆိုင်ရာကဲ့သို့သော ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်နေသေးသည်ဟု သုံးသပ်ရရှိပါသည်။ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စာသင်ကျောင်းဖွင့်လှစ်နိုင်ရန် ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် မီးလင်းရေးကော်မတီ၊ ရေရှိရေးကော်မတီကဲ့သို့သော ကျေးရွာအဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်ပါက ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၇) ဦး၊ မ (၂၆) ဦး**


စည်းလင်းကျေးရွာ
ရာသီခွင်ပြ ပြက္ခဒိန်
ရက်စွဲ - ၁၄ . ၃ . ၂၀၁၆
အကြောင်းအရာ
ဇန်နဝါရီ
ဖေဖော်ဝါရီ
မတ်လ
ဧပြီလ
မေလ
ဇွန်လ
ဇူလိုင်လ
ဩဂုတ်လ
စက်တင်ဘာ
အောက်တိုဘာ
နိုဝင်ဘာ
ဒီဇင်ဘာ
အစားအစာပေါများချိန်
မိုးရွာချိန်
စိုက်ပျိုးရာသီ
မင်္ဂလာဆောင်
ရိတ်သိမ်းရာသီ
ရေရှားပါးရာသီ
ပြောင်းရွှေ့သွားချိန်
ရောဂါများချိန်
ပါဝင်ဆွေးနွေးသူဦးရေ
ကျား( ၇ )၊ မ( ၂ )

ဒေါ်ဘူးကူးကျေးရွာအုပ်စု၊ စည်းလင်းကျေးရွာ

၁၄.၁၂.၂၀၁၆

**ရာသီခွင်ပြ ပြက္ခဒိန်အပေါ်သုံးသပ်ချက်**

စည်းလင်းကျေးရွာ၏ တစ်နှစ်တာရာသီခွင်ပြ ပြက္ခဒိန်ကို ကျေးရွာလူထုမှ ရေးဆွဲဖော်ထုတ်ရာတွင် အကြောင်းအရာများအဖြစ် အစားအစာပေါများချိန်၊ မိုးရွာချိန်၊ စိုက်ပျိုး/ရိတ်သိမ်းရာသီ၊ ပွဲလမ်းသဘင်၊ ရေရှားပါးချိန်၊ ပြင်ပခရီးသွားချိန်၊ ရောဂါပေါများချိန်တို့ကိုရေးဆွဲဖော်ပြကြပါသည်။ အစားအစာပေါများချိန်အဖြစ် ဇန်နဝါရီလ၊ ဇူလိုင်လ၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိများတွင် အစားအစာပိုမိုပေါများပြီး ကျန်သောလများတွင် အစားအစာနည်းပါးကြသည်ဟု ဖော်ပြထားပါသည်။ စိုက်ပျိုးချိန်အဖြစ် မေလမှ ဇူလိုင်လအထိဖြစ်ပြီး ရိတ်သိမ်းချိန်မှာ အောက်တိုဘာနှင့် နိုဝင်ဘာလများဖြစ်သည်။

ပွဲလမ်းသဘင်အဖြစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် အိမ်သစ်တက်ပွဲ၊ မတ်လတွင် မင်္ဂလာပြုပွဲ၊ ဒီဇင်ဘာတွင် ခရစ္စမတ်ပွဲများ ကျင်းပသည်။ ရေရှားပါးချိန်မှာ မတ်လ၊ ဧပြီနှင့် မေ(၃)လဖြစ်သည်။ ရောဂါပေါများချိန်မှာ ရာသီကူးပြောင်းသော ဖေဖော်ဝါရီလနှင့် မတ်လအကြား၊ ဇွန်နှင့် ဇူလိုင်လကြားကာလ၊ အောက်တိုဘာမှ နိုဝင်ဘာကူးပြောင်းချိန်များဖြစ်သည်ဟု ဖော်ပြထားပါသည်။ ပြင်ပသို့ခရီးသွားချိန်မှာ ဇန်နဝါရီလမှ ဇွန်လအထိဖြစ်၍ ပြင်ပခရီးသွားခြင်းများပြားသည်ဟု သုံးသပ်ရရှိပါသည်။ စည်းလင်းကျေးရွာသူ/သားများသည် လယ်ယာလုပ်ငန်းဝင်ပြီးချိန်တွင် ပြင်ပသို့အလုပ်သွားရောက်လုပ်ကိုင်ကြသည်။ တစ်နည်းအားဖြင့် အားလပ်ချိန်ဖြစ်ခြင်းကြောင့် ယခုဒုတိယနှစ်စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ချိန်သည် ကျေးရွာသူ/သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေသည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၇) ဦး၊ မ (၂၆) ဦး**



စည်းလင်းကျေးရွာ

# ကော်မတီစာရင်း

မြို့နယ် - **ဒီးမော့ဆို** ကျေးရွာအုပ်စု - **ဒေါဘူးကူး** ကျေးရွာ - **စည်းလင်း**

| စဉ် | အမည် | ရာထူး | မှတ်ပုံတင်အမှတ် | ပညာ အရည် အချင်း | အသက် | လက်မှတ် | ကော်မတီ အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဦးဖိုသေ | ဥက္ကဋ္ဌ | ၂/ဒမဆ(နိုင်)၀၀၆၀၇၁ | - | ၅၉ | | စီထောက် |
| ၂။ | ဒေါ်ဘလုစေးဖော | ။ | ၂/ဒမဆ(နိုင်)၀၆၀၁၅၁ | (၄)တန်း | ၃၉ | | |
| ၃။ | ဦးဘလုစေး | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၃၈၆၀၀ | (၉)တန်း | ၃၁ | | စောင့်ကြည့် ကြီးကြပ် ရေး |
| ၄။ | ဦးသောမတ်စူးရှား | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၆၁၃၄၇ | (၉)တန်း | ၂၆ | | |
| ၅။ | ဒေါ်ချူးဒေဖော | ။ | ၂/ဒမဆ(နိုင်)၀၆၂၂၄၃ | (၆)တန်း | | | |
| ၆။ | ဦးမိုးလို | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၀၆၁၅၃ | - | ၅၅ | | လည်ပတ် ထိန်းသိမ်း |
| ၇။ | ဒေါ်ဆာဖော | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၀၄၈၈၅ | (၄)တန်း | ၅၅ | | |
| ၈။ | ဦးစောဆွေ | ။ | ၂/ဒမဆ(နိုင်)၀၀၆၀၇၀ | - | ၅၅ | | |
| ၉။ | ဦးဘရိုင်းနယာန် | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၂၆၄၆၆ | (၃)တန်း | ၄၁ | | ဝယ်ယူရေး |
| ၁၀။ | ဒေါ်ကူဖော | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၃၈၃၀၇ | (၂)တန်း | ၃၂ | | |
| ၁၁။ | ဦးစံလှ | ။ | ၂/ဒမဆ(နိုင်)၀၀၆၂၆၁ | (၂)တန်း | ၅၁ | | |
| ၁၂။ | ဒေါ်အယ်စတာ | စာရင်းကိုင် | ၂/ဒမဆ(နိုင်)၀၆၅၃၆၃ | (၁၀)တန်း | ၂၃ | | စာရင်းကိုင် |
| ၁၃။ | ဦးဒိုင်းနယာန်ခွား | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၀၆၀၇၄ | (၄)တန်း | | | အကြံပြု |
| ၁၄။ | ဒေါ်ရေးဘလုထူး | ။ | ၂/ဒမဆ(နိုင်)၀၄၈၇၀၀ | (၈)တန်း | ၃၁ | | |
| ၁၅။ | ဦးစောပီလေး | စေတနာ | ၂/ဒမဆ(နိုင်)၀၃၈၁၂၆ | (၇)တန်း | ၂၈ | | စေတနာ |
| ၁၆။ | ဒေါ်အဲလိဇဘက်ဝင်း | ။ | ၂/ဒမဆ(နိုင်)၀၅၃၁၄၁ | GTC (Civil) | ၂၃ | | |













လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|
| ဦးဖိုးဒါးလျုံ | | ဦးအိုရယ် | |
| ပြည်နယ်/တိုင်းဒေသကြီး ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒေါကျုံကျုံ | ကျေးရွာ ဆည်လင်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၂၉ | ဘာသာ (၁) ခရစ်ယာန် | ၄၆ |
| လူမျိုးစု (၂) ကရေညာ | ၁၄ | ဘာသာ (၂) ဗုဒ္ဓ | ၃ |
| လူမျိုးစု (၃) ကယား | ၃ | ဘာသာ (၃) ---------- | |
| လူမျိုးစု (၄) ကရင် | ၃ | | |
| လူမျိုးစုရော ------------- | | ဘာသာရော ---------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၅ | မ - ၆ | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၃၇ | ၁၃၃ |
| လူမျိုးစု (၁) ကယန်း | ၇၆ | ၈၄ |
| လူမျိုးစု (၂) ကရေညာ | ၄၇ | ၃၅ |
| လူမျိုးစု (၃) ကယား | ၈ | ၆ |
| လူမျိုးစု (၄) ကရင် | ၆ | ၈ |
| လူမျိုးစု (၅) ---------------------- | | |
| အိမ်ထောင်ဦးစီး | ၄၅ | ၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ခရိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ___________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? **(ရှိပါသည်)**/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၅/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? **(ပြုခဲ့ပါသည်)**/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၃ ဖာလုံ/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/**(မော်တော်ဆိုင်ကယ်)**/ခြေလျင်/လှား/မော်တော်ဘုတ်/ အခြား ----------

မိုးရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/**(မော်တော်ဆိုင်ကယ်)**/ခြေလျင်/လှား/မော်တော်ဘုတ်/ အခြား ----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ မိုးလောင်ခြင်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ဘာသာရေးအသင်းတော်

(၂) [illegible]

ကျေးရွာခေါင်းဆောင် အမည် ဦးဖိုးဒါးထူး

လက်မှတ် [signature] ခုနှစ်

လူထုစည်းရုံးရေးမှူး အမည် ဦးဘိုးရယ်

လက်မှတ် [signature] နေ့စွဲ ၁၅-၁၂-၂၀၁၆

## ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | |
|---|---|---|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးဘိုးရယ် | | | | | |
| နေ့စွဲ | ၁၅.၁၂.၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ | ☐စက်ဝန်း(၁) √☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | ဒီးမော့ဆို | ကျေးရွာအုပ်စု | ဒေါ်တမ်းကျူး | ကျေးရွာ ဆည်လင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၄.၁၂.၁၆ | ၁၄.၁၂.၁၆ | ၇ | ၂၇ | ၃၄ | ကယန်း - ၁၉<br>ကယော - ၁၂<br>ကရင် - [illegible]<br>ကယား - [illegible] |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၅.၁၂.၁၆ | ၁၅.၁၂.၁၆ | ၇ | ၂၇ | ၂၈ | ကယန်း - ၁၇<br>ကယော - ၁၁<br>ကရင် - ၂ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃၀.၁၂.၁၆ | ၃၀.၁၂.၁၆ | ၁၂ | ၁၃ | ၂၅ | ၁၇ ကယား<br>၈ ကယန်း |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၅.၁၀.၁၇ | ၂၅.၁၀.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \|<br>\| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။* |

| | | | | | |
|---|---|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးအိုင်ရယ် | | | | |
| နေ့စွဲ | ၁၅.၁၂.၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) √☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ကယား | ဒီးမော့ဆို (မြို့နယ်) | ကျေးရွာအုပ်စု | ဒေါ်ကြာကူ | ကျေးရွာ | စည်းလင်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | စာသင်ကျောင်းမရှိ၍ ကလေးများ ကျေးရွာပြင် ကျောင်းသွားတက်ရသော အခက်အခဲ | ၁ | စာသင်ကျောင်းမရှိ၍ ကလေးများ ကျေးရွာပြင် ကျောင်းသွားတက်ရသော အခက်အခဲ |
| ၂ | ဆေးပေါ်နေထိုင်ရေး အခက်အခဲ | ၂ | ကလေးထိန်းကျောင်း မရှိသောကြောင့် အခက်အခဲ |
| ၃ | ဝင်ငွေနည်းပါးသော အခက်အခဲ | ၃ | ဆေးပေါ်နေထိုင်ရေး အခက်အခဲ |
| ၄ | လျှပ်စစ်မီး အလင်းနည်းသော အခက်အခဲ | ၄ | စာကြည့်တိုက် မရှိသော အခက်အခဲ |
| ၅ | လမ်းကောင်းမှု သွားလာရေး ခက်ခဲ | ၅ | အစည်းအဝေးခန်းမ မရှိ၍ ကျန်းမာရေး ခက်ခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလိုသောအချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | စာသင်ကျောင်းဆောင်သစ် ရရှိလာမည် | ၁ | ရေလှောင်ကန် ကောင်းမွန်သောကြောင့် ကျန်းမာရေး ကောင်းမွန်လာမည် |
| ၂ | သန့်ရှင်းသော သောက်သုံးရေ ရရှိမည် | ၂ | ကျေးရွာမှူ ကျန်းမာရေး ကောင်းမွန်လာမည် |
| ၃ | ရွာတွင်းလမ်း ကောင်းလာမည် | ၃ | သန့်ရှင်းသော သောက်သုံးရေ ရရှိလာမည် |
| ၄ | ကျေးရွာအစည်းအဝေး ခန်းမ ရရှိမည် | ၄ | ရွာတွင်း ကျောက်ခင်းလမ်း ဖြစ်လာမည် |
| ၅ | အိမ်အိမ်ချင်း လျှပ်စစ်မီး ရရှိရန် | ၅ | စာကြည့်တိုက်ရှိလျှင် အသိပညာ တိုးပွားလာမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ကျောင်းဆောင် သစ်ဆောက်လုပ်ခြင်း | အမျိုးသား+အမျိုးသမီး | | |
| ၂ | ကျောက်ချောလမ်း | အမျိုးသား+အမျိုးသမီး | | |
| ၃ | စာကြည့်တိုက် | အမျိုးသမီး | | |
| ၄ | အားကစားကွင်း ပြုပြင်ရန် | အမျိုးသား | | |
| ၅ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လျှပ်စစ်မီးသွယ်တန်းခြင်း | အမျိုးသား+အမျိုးသမီး | လျှပ်စစ် |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဉက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးဖိုးဝေ လက်မှတ် ---------- နေ့စွဲ ၁၅.၁၂.၂၀၁၆

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

စည်းလင်း

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | စာသင်ကျောင်း ဆောင်သစ် | ☑ မ ☑ ကျား | | |
| | ၂ | စာကြည့်တိုက် | ☑ မ ☐ ကျား | | |
| | ၃ | ကျောက်ခင်းလမ်း | ☑ မ ☑ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | အားကစားကွင်း | ☐ မ<br>☑ ကျား | | |
| | ၂ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

ကျေးရွာအုပ်စု ... ဒီးမော့ဆိုမြို့နယ်
စာအမှတ် ..........
ရက်စွဲ ..........



**ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)**

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဖြည့်ပြီးသော ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဦးအိုးရယ် | | |
| နေ့စွဲ | ၃၁.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု | ဒေါ်ကျုံးကုန်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ဒေါ်ကျုံးကုန်း | ခန်းမဆောင် ပြုပြင်တိုးချဲ့ခြင်း Extension and renovation Community Hall | ၆၂'-၆" x ၂၄' x ၁၂' | ၃၂၈ | ☐ ကျား ☐ မ ☑ ကျား + မ | ၁၀၅ သိန်း ခြောက်သောင်း | – | – | | ၁၀၅.၆ သိန်း |
| ဒေါ်ကျုံးဒိုး | ကျောက်ချောလမ်း Gravel | ၃၂၂၉' x ၁၀' x ၆" | ၂၇၇ | ☐ ကျား ☐ မ ☑ ကျား + မ | ၁၀၅ သိန်း ခြောက်သောင်း | – | – | | ၁၀၅.၆ သိန်း |
| ဒေါ်လျှုံးလီ | ခန်းမဆောင် တိုးချဲ့ခြင်း Extension of Community Hall | ၂၄' x ၂၄' x ၁၂' | ၂၀၉ | ☐ ကျား ☐ မ ☑ ကျား + မ | ၃၃ သိန်း | – | – | | ၃၃ သိန်း |
| | | | | ☐ ကျား ☐ မ ☐ ကျား + မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား + မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် - ဒေါ်ကယား ပေါ် လက်မှတ် Thaw ရက်စွဲ ၁၂.၁.၂၀၁၇

ဦးစောရှင် [signature] ၁၂.၁.၂၀၁၇

# ပထမအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်ကျေးရွာ၊ ကျေးရွာအုပ်စု | - | **စည်းလင်းကျေးရွာ၊ ဒေါဘူးကူးအုပ်စု** |
| အစည်းအဝေးကျင်းပသည့်နေရာ | - | **ဘုရားရှိခိုကျောင်း၊ စည်းလင်းရွာ** |
| အစည်းအဝေးကျင်းပသည့်အချိန် | - | **နံနက် (၀၉:၀၀) နာရီ** |
| အစည်းအဝေးကျင်းပသည့်နေ့ရက် | - | **၁၄.၁၂.၂၀၁၆** |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | **ကျား(၇)ဦး၊ မ (၂၇)ဦး** |

ပထမအကြိမ်ကျေးရွာအစည်းအဝေးကို နံနက် (၀၉:၀၀) နာရီတွင် စတင်သည်။ အစည်းအဝေးတက်ရောက်သူများစာရင်းကောက်ယူခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ လူထုစည်းရုံးရေးမှူး၊ ကျေးရွာ ရွာမိ/ရွာဖများနှင့် မိတ်ဆက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူးမှ စီမံကိန်းအကြောင်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်း၊ အဓိကတာဝန်ရှိသူများနှင့် တာဝန်များကိုရှင်းပြသည်။ စေတနာ့ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများကို ရှင်းပြပြီး စေတနာ့ဝန်ထမ်းပြောင်းလဲလိုသောကျေးရွာတွင် တက်ရောက်လာသော ကျေးရွာလူထုအား ပြန်လည်ရွေးချယ်စေပါသည်။

ဆက်လက်၍ လူထုစည်းရုံးရေးမှူးမှ ဒုတိယနှစ်စီမံကိန်းအတွက် ပြုလုပ်မည့် လူမှုဆန်းစစ်ချက်တစ်ခုချင်းစီ၏ ရည်ရွယ်ချက်ကို ရှင်းပြပြီးတက်ရောက်လာသော ကျေးရွာလူထုအား အုပ်စုဖွဲ့၍ ဆွေးနွေးစေကာ လူထုစည်းရုံးရေးမှူးမှ ပံ့ပိုးကူညီပေးပါသည်။ ကျေးရွာမြေပုံရေးဆွဲခြင်း၊ ဥတုရာသီ အဆင့်သတ်မှတ်ခြင်း၊ ရာသီခွင်ပြ ပြက္ခဒိန်၊ ကျား-မရေးရာသုံးစွဲမှု၊ ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ ကျေးရွာလူထုနှင့် အဖွဲ့အစည်းများချိတ်ဆက်မှုအခြေအနေသုံးသပ်ခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ ထို့နောက်ကျေးရွာလူထုမှ ဆွေးနွေးဖော်ထုတ်ရရှိသော လူမှုဆန်းစစ်ချက်များကို ကိုယ်စားလှယ်တစ်ဦးစီမှ ပြန်လည်ဆွေးနွေးပြီး လူထုစည်းရုံးရေးမှူးက အနှစ်ချုပ်သုံးသပ်ပေးပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကိုမွန်းလွဲ (၁၃:၃၀) အချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

# ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်ကျေးရွာ၊ ကျေးရွာအုပ်စု | - | **စည်းလင်းကျေးရွာ၊ ဒေါဘူးကူးအုပ်စု** |
| အစည်းအဝေးကျင်းပသည့်နေရာ | - | **ဘုရားရှိခိုကျောင်း၊ စည်းလင်းရွာ** |
| အစည်းအဝေးကျင်းပသည့်အချိန် | - | **နံနက် (၀၉:၀၀) နာရီ** |
| အစည်းအဝေးကျင်းပသည့်နေ့ရက် | - | **၁၅.၁၂.၂၀၁၆** |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | **ကျား(၇)ဦး၊ မ (၂၃)ဦး** |

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို နံနက်(၀၉:၀၀)နာရီတွင် စတင်ပါသည်။ တက်ရောက်သူစာရင်းကောက်ယူခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီး လူထုစည်းရုံးရေးမှူးမှ အစီအစဉ်များကို ရှင်းပြပါသည်။ ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသောကျေးရွာလူထုများမှ အမျိုးသား/အမျိုးသမီးအလိုက် တွေ့ကြုံရသော အခက်အခဲများ၊ ပြဿနာများကို ဖော်ထုတ်ခြင်း၊ မျှော်မှန်းချက်များ ရေးဆွဲခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ရေးဆွဲခြင်းများ ဆောင်ရွက်ကြရာ လူထုစည်းရုံးရေးမှူးက ပံ့ပိုးကူညီပေးပါသည်။

ထို့နောက်လူထုစည်းရုံးရေးမှူးက စီမံကိန်းဆိုင်ရာ လူမှုပတ်ဝန်းကျင်အကာအကွယ်များ၊ အကျုံ့ဝင်/မဝင် လုပ်ငန်းခွဲများကို ရှင်းပြပြီး ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများကို မဲမေးရွေးချယ်ကြပါသည်။ ဆက်လက်၍ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၏ တာဝန်ဝတ္တရားများ ရှင်းပြပြီး ပြောင်းလဲလိုသော ကော်မတီအစား ပြန်လည်ရွေးချယ်ခြင်းကို ကျေးရွာလူထုက ရွေးချယ်ပေးပါသည်။ လူထုစည်းရုံးရေးမှူးမှ ဝေဖန်အကြံပြုတိုင်ကြားမှုစနစ်နှင့် စပ်လျဥ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ ကော်မတီဝင်များ၏ ကျင့်ဝတ်များရှင်းပြခြင်း၊ COC လက်မှတ်ရေးထိုးစေခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ပုံစံ ရှင်းပြပါသည်။ ထို့နောက် စုပေါင်းမှတ်တမ်းဓါတ်ပုံရိုက်ကူးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးမှ နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲ (၁၃:၀၀) နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Social Map/ Resource Map) | ၁၄·၁၂·၂၀၀၅ | ရပ်မိရပ်ဖ၊ ကော်မတီ၊ ကျေးရွာလူထုများ အားလုံး | ၇ | ၂၇ | ၃၄ | အိမ်ခြေ၊ အိမ်အမျိုးအစား၊ အခြေခံအဆောက်အဦများ၊လမ်းပန်းဆက်သွယ်ရေး၊လယ်ယာမြေ၊ ရေတွင်း/ကန်၊သစ်တော ၊ ဆက်စပ်နယ်နမိတ်။ |
| ၂။ | ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၁၄·၁၂·၂၀၀၅ | ချမ်းသာ၊ အလယ်အလတ်၊ ဆင်းရဲ၊ ကျေးရွာလူထုအားလုံး | ၇ | ၂၇ | ၃၄ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများဖြင့် သတ်မှတ်နိုင်ရန်အဆင့်၊ အခြေခံ စံနှုန်းကို လူထုကသဘော တူသတ်မှတ်၍ ရာခိုင်နှုန်း ဖော်ပြခြင်း။ |
| ၃။ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၁၄·၁၂·၂၀၀၅ | ကော်မတီဝင်များ၊ ကျေးရွာလူထုအမျိုးသမီး/သားအားလုံး | ၇ | ၂၇ | ၃၄ | စိုက်ပျိုး၊ရိတ်သိမ်းကာလ၊ ပွဲတော်ကာလ၊ ဖျားနာခြင်း၊ ပြင်ပအလုပ်ရှာခြင်း၊ ဝင်ငွေ၊ ထွက်ငွေ၊ ရေရှား၊ လမ်းပန်းအခြေအနေ၊ ရာသီဥတုအခြေအနေ။ |
| ၄။ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၄·၁၂·၂၀၀၅ | အမျိုးသားများနှင့် အမျိုးသမီးများ ကျေးရွာလူထုအားလုံး | ၇ | ၂၇ | ၃၄ | အမျိုးသမီး/သားတန်းတူ အခွင့်အရေးနှင့် ကွာဟချက်(အမွေရရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဦးဆောင်မှုအလုပ်အကိုင် ဆုံးဖြတ်ချက်ချမှုများ။) |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၅။ | ကျေးရွာလူထုနှင့် အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၁၄.၁၂.၂၀၁၅ | ကော်မတီဝင် ကျေးရွာလူထု အားလုံး | ၇ | ၂၇ | ၃၄ | ကျေးရွာတွင် အဖွဲ့အစည်းများ၊ ကျေးရွာပြင်ပအဖွဲ့အစည်းများ ချိတ်ဆက်မှုအနေအထား၊ ဩဇာလွှမ်းမိုးမှုအခြေအနေ |
| ၆။ | အခက်အခဲ (Problem) | ၁၆.၁၂.၂၀၁၅ | အမျိုးသမီး၊ အမျိုးသား၊ ကျေးရွာ လူထုအားလုံး | ၇ | ၂၃ | ၃၀ | အမျိုးသမီးကြုံတွေ့ရသောအခက်အခဲ၊အတားအဆီးများ၊ အမျိုးသားအခက်အခဲ၊ အတားအဆီးများ။ |
| ၇။ | မျှော်မှန်းချက်များ (Vision) | ၁၆.၁၂.၂၀၁၅ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၇ | ၂၃ | ၃၀ | နောင်လာမည့် (၅)နှစ်အတွင်း မျှော်မှန်းချက်များ အမျိုးသမီး မျှော်မှန်းချက်၊ အမျိုးသားမျှော်မှန်းချက် |
| ၈။ | ကျေးရွာ၏ (၄)နှစ်စာဦးစားပေးအစီအစဉ်ပြဇယား (Matric Ranking) | ၁၆.၁၂.၂၀၁၅ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၇ | ၂၃ | ၃၀ | အမျိုးသမီးဦးစားပေးလုပ်ငန်း၊ အမျိုးသားဦးစားပေးလုပ်ငန်းများနှင့် အမျိုးသမီး+အမျိုးသားဦးစားပေးလုပ်ငန်းများ။ |
| ၉။ | ကျေးရွာသမိုင်းအကျဉ်းချုပ် (History) | ၁၆.၁၂.၂၀၁၅ | ရွာမိရွာဖ အုပ်ချုပ်ရေးအဖွဲ့ ကော်မတီ ကျေးရွာလူထု | ၇ | ၂၃ | ၃၀ | ကျေးရွာဆင်းသက်ပုံ၊ သက်တမ်း၊ ကြုံတွေ့ခဲ့ရသောဖြစ်စဉ်၊ဖြစ်ရပ်များ၊ ရိုးရာဓလေ့၊ ပြောင်းလဲတိုးတက်မှုအခြေအနေ။ |